# TEXT

## Review Exercises

### ၁/ ကျက်မှတ်ရန် စကားလုံးများ

review ရစ်ဗယူး *n* ပြန်လည်ဆန်းစစ်ခြင်း
exercise အက်(ခ်)ဆာ့ဆိုက်(ဇ်) *n* လေ့ကျင့်ခန်း
add အဲက်(ဒ်) *v* ထည့်ပါ၊ ဖြည့်ပါ
sentences ဆင်းန်တန်းဆစ်(ဇ်) *n* ဝါကျများ
where ဝဲ(ယား) *adv* ဘယ်မှာလဲ
behind ဘစ်ဟိုင်း(န်ဒ်) *prep* နောက်မှာ
listen လစ်ဆင်း(န်) *v* နားထောင်သည်
talking တော့ခင်း(ဂ်) *v* စကားပြောနေသည်
red ရက်(ဒ်) *n, adj* အနီ
sock ဆော့(ခ်) *n* ခြေအိတ်
man မဲင်းန် *n* လူ၊ ယောကျ်ား
men မင်းန် *n* လူများ၊ ယောကျ်ားများ
woman ဝစ်မန်း(န်) *n* မိန်းမ
women ဝစ်မင်းန် *n* မိန်းမများ
standing စတဲင်း(န်)ဒင်း(ဂ်) *v* မတ်တပ်ရပ်နေသည်
picture ပစ်(ခ်)ချား *n* ရုပ်ပုံ
each အီး(ချ်) *det* အများထဲမှ တစ်ခုစီ၊ တစ်ယောက်စီ။ — တိုင်း
answer အန်းဆာ *v* ဖြေသည်
*n* အဖြေ
question ကွက်(စ်ထ်)ရှန်(န်) *n* မေးခွန်း
*v* မေးသည်
as အဲက်(ဇ်) *prep* ကဲ့သို့
boat ဘုတ်(ထ်) *n* လှေ
glass ဂလား(စ်) *n* ဖန်ခွက်
aren't အား(န်ထ်) are not ၏ အတိုကောက်
isn't အစ်ဇင့်(ထ်) is not ၏ အတိုကောက်
can't ကား(န်ထ်) cannot ၏ အတိုကောက်
any အက်နီး *det* (ငြင်းပယ်ဝါကျများနှင့် မေးခွန်းများ၌ some အစား သုံးသည်) တစ်စုံတစ်ရာ၊ ဘယ်လောက်မျှ (Uncountable Noun နှင့်)။ တစ်ခုတလေ၊ တစ်စုံတစ်ရာ (Countable Noun နှင့်)
milk မစ်(လ်ခ်) *n* နို့
water ဝေါတား *n* ရေ
sand ဆဲင်း(န်ဒ်) *n* သဲ
rice ရိုက်(စ်) *n* ဆန်၊ ထမင်း
meat မီး(ထ်) *n* အသား
bread ဘရက်(ဒ်) *n* ပေါင်မုန့်
paint ပိန့်(ထ်) *n* သဘော်ဆေး၊ သုတ်ဆေး
oil အော(အီးလ်) *n* ဆီ
kyat ကျတ်(ထ်) *n* မြန်မာငွေ (တစ်)ကျပ်
pya ပြား *n* မြန်မာငွေ (တစ်)ပြား
clock ကလော့(ခ်) *n* စားပွဲတင်နာရီ
cup ကတ်(ပ်) *n* လက်ဖက်ရည်ပန်းကန်လုံး
knife နိုက်(ဖ်) *n* ဓား
knives နိုက်(ဗ်ဇ်) *n* ဓားများ
scissors ဆစ်ဇာ(ဇ်) *n* [pl]ကတ်ကြေး
fruit ဖရူး(ထ်) *n* သစ်သီး၊ သစ်သီးများ
coffee ကော့ဖီ *n* ၁။ ကော်ဖီ
၂။ ကော်ဖီစေ့၊ ကော်ဖီမှုန့်
ice အိုက်(စ်) *n* ရေခဲ
shoe ရှူး *n* ရှူးဖိနပ်
bucket ဘတ်ကစ်(ထ်) *n* ဆွဲပုံး
plate ပလိတ်(ထ်) *n* ပန်းကန်ပြား
touch တတ်(ချ်) *v* ထိသည်

| | | | |
|---|---|---|---|
| ceiling | ဆီးလင်း(ဂ်) | *n* | မျက်နှာကြက် |
| with | ဝစ်(သ်) | *prep* | နှင့်၊ ဖြင့် |
| ruler | ရူးလား | *n* | ပေတံ |
| write | ရိုက်(ထ်) | *v* | စာရေးသည် |
| read | ရီး(ဒ်) | *v* | စာဖတ်သည် |
| fly | ဖလိုင် | *v* | ပျံသန်းသည် |
| below | ဘစ်လိုး | *adv* | အောက်ဘက်တွင် |
| pen | ပင်းန် | *n* | ဖောင်တိန်၊ ကလောင်တံ |
| pencil | ပင်းန်ဆာ့(လ်) | *n* | ခဲတံ |
| taller | တောလား | *adj* | ပို၍အရပ်ရှည်သော |
| longer | လွန်းဂါး | *adj* | ပို၍ရှည်သော |
| shorter | ရှော့တား | *adj* | ၁။ ပို၍တိုသော ၂။ ပို၍အရပ်ပုသော |
| than | သဲင်း(န်) | *conj* | ထက်၊ သာ |
| faster | ဖားစတား | *adj* | ပို၍မြန်သော |
| slower | စလိုးဝါး | *adj* | ပို၍နှေးသော |
| bigger | ဘစ်ဂါး | *adj* | ပို၍ကြီးသော |
| smaller | စမောလား | *adj* | ပို၍သေးငယ်သော |
| dearer | ဒီးယားရား | *adj* | ပို၍ဈေးကြီးသော |
| cheaper | ချီးပါး | *adj* | ပို၍တန်ဖိုးနည်းသော |
| stronger | စထရွန်းဂါး | *adj* | ပို၍သန်စွမ်းသော၊ ပို၍အားကောင်းသော |
| weaker | ဝီးခါး | *adj* | ပို၍ခွန်အားနည်းသော |
| missing | မစ်ဆင်း(ဂ်) | *adj* | လိုနေသော၊ လပ်နေသော |
| word | ဝါး(ဒ်) | *n* | စကားလုံး |
| happy | ဟဲက်ပီ | *adj* | ပျော်ရွှင်သော |
| happier | ဟဲက်ပီးယား | *adj* | ပို၍ပျော်ရွှင်သော |
| thin | သင်(န်) | *adj* | ၁။ ပိန်သော ၂။ ပါးသော |
| thick | သစ်(ခ်) | *adj* | ထူသော |
| easy | အီးဇီ | *adj* | လွယ်ကူသော |
| heavy | ဟက်ဗီ | *adj* | လေးသော |
| ugly | အတ်ဂလီ | *adj* | အရုပ်ဆိုးသော |
| greedy | ဂရီးဒီ | *adj* | လောဘကြီးသော |
| clever | ကလက်ဗာ | *adj* | ကောင်းသော၊ တော်သော |
| beautiful | ဗြူးတစ်ဖာ့(လ်) | *adj* | လှသော |

| | | | |
|---|---|---|---|
| more beautiful | မော ဗြူးတစ်ဖာ့(လ်) | *adj* | ပို၍လှသော |
| good | ဂွတ်(ဒ်) | *adj* | ကောင်းသော၊ တော်သော |
| better | ဘက်တား | *adj* | ပို၍ကောင်းသော၊ ပို၍တော်သော |
| bad | ဘဲက်(ဒ်) | *adj* | မကောင်းသော၊ ညံ့သော |
| worse | ဝါး(စ်) | *adj* | ပို၍ဆိုးသော၊ ပို၍ညံ့သော |
| careless | ကဲ(ယား)လစ်(စ်) | *adj* | ဂရုမစိုက်သော |
| careful | ကဲ(ယား)ဖာ့(လ်) | *adj* | သတိထားသော |
| dangerous | | *adj* | အန္တရာယ်ရှိသော |
| choose | ချူး(ဇ်) | *v* | ရွေးချယ်သည် |
| right | ရိုက်(ထ်) | *adj* | မှန်သော |
| little | လစ်တာ့(လ်) | *adj* | သေးငယ်သော၊ — ကလေး |
| brown | ဘရောင်း(န်) | *n, adj* | အညို |
| mother | မတ်သား | *n* | အမေ |
| white | ဝိုက်(ထ်) | *n, adj* | အဖြူ |
| black | ဘလဲက်(ခ်) | *n, adj* | အမည်း၊ အနက် |
| kitten | ကစ်တင်(န်) | *n* | ကြောင်ကလေး |
| children | ချစ်(လ်)ဒရန်း(န်) | *n* | ကလေးများ |
| coat | ကုတ်(ထ်) | *n* | ကုတ်အင်္ကျီ |
| because | ဘစ်ကော့(ဇ်) | *conj* | အဘယ်ကြောင့်ဆိုသော် |
| hot | ဟော့(ထ်) | *adj* | ပူသော၊ အိုက်သော |
| hold | ဟိုး(လ်ဒ်) | *v* | ဆုပ်ကိုင်ထားသည် |
| hold up | ဟိုး(လ်) ဒတ်(ပ်) | | မြှောက်ထားသည် |
| class | ကလား(စ်) | *n* | စာသင်အတန်း |
| classroom | ကလား(စ်)ရွှန်း(မ်) | *n* | စာသင်ခန်း |
| then | သဲင်းန် | *adv* | ထို့နောက်၊ ပြီးနောက် |
| say | ဆေး | *v* | ပြောသည်၊ ဆိုသည် |

| | | | |
|---|---|---|---|
| **workman** | ဝါး(ခ်)မန်း(န်) | *n* | အလုပ်ကြမ်းသမား |
| **doctor** | ဒေါ့(ခ်)တာ | *n* | ဆရာဝန် |
| **shopkeeper** | ရှော့(ပ်)ကီးပါး | *n* | ဆိုင်ရှင် |
| **sailor** | ဆေးလား | *n* | သင်္ဘောသား |
| **farmer** | ဖားမား | *n* | လယ်သမား |
| **teacher** | တီးချား | *n* | ကျောင်းဆရာ၊ ဆရာမ |
| **fisherman** | ဖစ်ရှာ့မန်း(န်) | *n* | ငါးမျှားသူ၊ တံငါ |
| **soldier** | ဆိုး(လ်)ဂျား | *n* | စစ်သား |
| **nurse** | နား(စ်) | *n* | သူနာပြု |
| **gardener** | ဂါးဒနာ | *n* | ဥယျာဉ်မှူး |
| **like** | လိုက်(ခ်) | *prep* | တူ(သည်)၊ ဆင်(သည်)၊ ကဲ့သို့ |
| **here** | ဟီးယား | *adv* | (လေးနက်စေရန်အတွက် ဝါကျ၏ **အစတွင်** ထားသည်) |
| **use** | ယူး(ဇ်) | *v* | အသုံးပြုသည်၊ သုံးသည် |
| **orange** | အောရင်း(ဂ်ျ) | *n* | လိမ္မော်သီး |
| **may** | မေ | *modal v* | (ခွင့်ပြုချက်ကို ယဉ်ကျေးစွာ တောင်းခံရာ၌ သုံးသည်) –ခွင့်ပြုပါ၊ –ပါရစေ |
| **please** | ပလီး(ဇ်) | *interj* | ကျေးဇူးပြု၍၊ ကျေးဇူးပြုပါ၊ တစ်ဆိတ်လောက် |
| **ask** | အား(စ်ခ်) | *v* | မေးသည် |
| **what** | ဝေါ့(ထ်) | *pron* | ဘာလဲ |
| **breakfast** | ဘရက်(ခ်)ဖာ့(စ်ထ်) | *n* | (အဆာပြေ)နံနက်စာ |
| **time** | တိုင်း(မ်) | *n* | အချိန် |
| **half** | ဟား(ဖ်) | *n, adj, adv* | တစ်ဝက် |
| **past** | ပါး(စ်ထ်) | *prep* | (နာရီ) ထိုးပြီး၊ ကျော် |
| **every** | အက်ဗရီး | *det* | အားလုံး၊ တိုင်း |
| **last** | လား(စ်ထ်) | *adj* | လွန်ခဲ့သော၊ နောက်ဆုံး |
| **desk** | ဒက်(စ်ခ်) | *n* | စာရေးစားပွဲ |
| **day** | ဒေး | *n* | (တစ်)ရက် |
| **year** | ယား | *n* | (တစ်)နှစ် |
| **lunch** | လန့်(ချ်) | *n* | နေ့လယ်စာ |
| **today** | တုဒေး | *adv, n* | ယနေ့ |
| **yesterday** | ယက်(စ်)တာ့ဒေး | *adv, n* | မနေ့က |
| **holiday** | ဟောလာ့ဒေး | *n* | အားလပ်ရက်၊ ပိတ်ရက် |
| **tin** | တင်(န်) | *n* | (ဆေး၊ ကော် စသည်) ဘူး |
| **tea** | တီး | *n* | လက်ဖက်ရည်၊ လက်ဖက်ခြောက် |
| **packet** | ပဲ့ကစ်(ထ်) | *n* | အထုပ် |
| **bottle** | ဘော့တာ့(လ်) | *n* | ပုလင်း |
| **ink** | အင့်(ခ်) | *n* | မင် |
| **piece** | ပီး(စ်) | *n* | အပိုင်း၊ အစ စသည် တစ်ခုခု |
| **meat** | မီး(ထ်) | *n* | အသား |
| **truck** | ထရက်(ခ်) | *n* | ကုန်တင်ကား |
| **basket** | ဘားစကစ်(ထ်) | *n* | ခြင်း၊ တောင်း |
| **fork** | ဖော့(ခ်) | *n* | ခက်ရင်း |

## ၂/ ကြိယာသဏ္ဌာန်များ

| Present | Past | Present Participle | |
|---|---|---|---|
| am, is | was | being | ရှိသည်၊ ဖြစ်သည် |
| are | were | being | ရှိကြသည်၊ ဖြစ်ကြသည် |
| has, have | had | having | ရှိသည် |
| see | saw | seeing | မြင်သည် |

| | | | |
|---|---|---|---|
| stand | stood | standing | မတ်တတ်ရပ်သည် |
| sit | sat | sitting | ထိုင်သည် |
| go | went | going | သွားသည် |
| write | wrote | writing | စာရေးသည် |
| read ရီးဒ် | read ရက်ဒ် | reading | စာဖတ်သည် |
| fly | flew | flying | ပျံသန်းသည် |
| put | put | putting | ထည့်သည်၊ **ထားသည်** |
| take | took | taking | ယူသွားသည် |
| hold | held | holding | ဆုပ်ထားသည်၊ **ကိုင်ထားသည်** |
| say | said | saying | ပြောသည် |
| listen | listened | listening | နားထောင်သည် |
| talk | talked | talking | စကားပြောသည် |
| touch | touched | touching | ထိသည် |

## ၃/ စကားလုံးတွဲများ

| | | |
|---|---|---|
| in your exercise book | | သင့်လေ့ကျင့်ခန်းစာအုပ်ထဲမှာ |
| behind this big tree | | ဤသစ်ပင်ကြီး၏ နောက်မှာ |
| look at | | ကြည့်သည် |
| Look at it! | | ၎င်းကို ကြည့်ပါ |
| listen to me | | ကျွန်တော့်ကို နားထောင်ပါ |
| in front of | *prep* | ရှေ့မှာ |
| as in (1) and (2) | | ၁ နှင့် ၂ မှာ ကဲ့သို့ |
| in the boat | | လှေထဲမှာ |
| in the glass | | ဖန်ခွက်ထဲမှာ |
| with a ruler | | ပေတံဖြင့် |
| with a pencil | | ခဲတံဖြင့် |
| go to this school | | ဤကျောင်းသို့ တက်သည် |
| took off | *PHR V* | (အဝတ်အစား) ချွတ်ခဲ့သည် |
| put down | *PHR V* | (ကိုင်ထားရာမှ) ချသည် |
| hold up | | မြှောက်ထားသည် |
| make up | *PHR V* | ဖွဲ့စည်းသည် |
| twenty-five to three | | သုံးနာရီထိုးရန် နှစ်ဆယ့်ငါးမိနစ် |
| at half past seven | | ခုနစ်နာရီခွဲတွင် |
| have breakfast | | နံနက်စာ စားသည် |
| had a banana | | ငှက်ပျောသီးတစ်လုံးစားခဲ့သည် |
| in the classroom | | စာသင်ခန်းထဲမှာ |
| for lunch | | နေ့လယ်စာအတွက် |
| a glass of milk | | နို့တစ်ခွက် |
| a tin of coffee | | ကော်ဖီမှုန့်တစ်ဘူး |
| a packet of tea | | လက်ဖက်ခြောက်တစ်ထုပ် |
| a bottle of oil | | ဆီတစ်ပုလင်း |
| a piece of meat | | အသားတစ်တုံး |

## LESSON 1 Mine, Yours, His, Hers, Ours, Theirs

### ၁/ ကျက်မှတ်ရန် စကားလုံးများ

| | | | |
|---|---|---|---|
| my | မိုင် | *det* | ကျွန်ုပ်၏ |
| mine | မိုင်း(န်) | *pron* | ကျွန်ုပ်ပိုင်သောအရာ၊ ကျွန်ုပ်ဟာ |
| your | ယော | *det* | သင်၏ |
| yours | ယော(ဇ်) | *pron* | သင်ပိုင်သောအရာ၊ သင့်ဟာ |
| his | ဟစ်(ဇ်) | *det* | သူ၏ |
| | | *pron* | သူပိုင်သောအရာ၊ သူ့ဟာ |
| her | ဟား | *det* | သူမ၏ |
| hers | ဟား(ဇ်) | *pron* | သူမ ပိုင်သောအရာ၊ သူမဟာ |
| our | အောင်းဝါ | *det* | ကျွန်ုပ်တို့၏ |
| ours | အောင်းဝါ(ဇ်) | *pron* | ကျွန်ုပ်တို့ပိုင်သောအရာ၊ ကျွန်ုပ်တို့ဟာ |
| their | သဲ(ယား) | *det* | သူတို့၏ |
| theirs | သဲ(ယားဇ်) | *pron* | သူတို့ပိုင်သောအရာ၊ သူတို့ဟာ |
| purse | ပါး(စ်) | *n* | ပိုက်ဆံအိတ်ကလေး |
| kite | ကိုက်(ထ်) | *n* | စွန် |
| clothes | ကလိုး(သ်ဇ်) | *n* | [pl] အဝတ်အစား |
| ball | ဘော(လ်) | *n* | ဘောလုံး |
| bicycle | ဘိုင်ဆစ်ကဲ့(လ်) | *n* | စက်ဘီး |
| boat | ဘုတ်(ထ်) | *n* | ၁။ လှေ ၂။ သင်္ဘော |
| comb | ကုန်း(မ်) | *n* | (ခေါင်းဖြီးသော) ဘီး |
| ring | ရင်း(ဂ်) | *n* | လက်စွပ် |
| doll | ဒေါ(လ်) | *n* | ကစားစရာလူရုပ် |
| thing | သင်း(ဂ်) | *n* | အရာဝတ္ထု၊ — ဟာ၊ ဥစ္စာ |
| about | အဘောက်(ထ်) | *prep* | နှင့် ပတ်သက်၍ |
| book | ဘွတ်(ခ်) | *n* | စာအုပ် |
| rhyme | ရိုင်း(မ်) | *n* | တေးကဗျာ |
| practise | ပရဲက်(ခ်)တစ်(စ်) | *v* | လေ့ကျင့်သည် |
| small | စမော(လ်) | *adj* | ငယ်သော၊ သေးသော |
| smaller | စမောလား | *adj* | ပို၍ငယ်သော၊ ပို၍သေးသော |
| shirt | ရှား(ထ်) | *n* | ရှပ်(အင်္ကျီ) |
| dirty | ဒါးတီး | *adj* | မသန့်ရှင်းသော၊ ညစ်ပေသော |
| clean | ကလီး(န်) | *adj* | သန့်ရှင်းသော |
| mark | မား(ခ်) | *n* | အမှတ်၊ အဆင့်အမှတ် |
| good | ဂွတ်(ဒ်) | *adj* | ကောင်းသော |
| better | ဘက်တား | *adj* | ပို၍ကောင်းသော |
| bad | ဘဲက်(ဒ်) | *adj* | ညံ့သော၊ မကောင်းသော |
| happy | ဟဲက်ပီ | *adj* | ပျော်ရွှင်သော |
| sad | ဆဲက်(ဒ်) | *adj* | ဝမ်းနည်းသော |
| bag | ဘဲက်(ဂ်) | *n* | အိတ် |
| thick | သစ်(ခ်) | *adj* | ထူသော |
| thicker | သစ်ခါး | *adj* | ပို၍ထူသော |
| old | အိုး(လ်ဒ်) | *adj* | အိုသော၊ အသက်ကြီးသော |
| older | အိုး(လ်)ဒါး | *adj* | ပို၍အိုသော ပို၍အသက်ကြီးသော |
| father | ဖားသား | *n* | အဖေ |
| writing | ရိုက်ထင်း(ဂ်) | *n* | လက်ရေး |
| bigger | ဘစ်ဂါး | *adj* | ပို၍ကြီးသော |
| this | သစ်(စ်) | *det, pron* | ဤဟာ |
| these | သီး(ဇ်) | *det, pron* | ဤဟာများ |
| those | သိုး(ဇ်) | *det, pron* | ထိုဟာများ |
| they | သေ | *pron* | သူတို့၊ ၎င်းတို့ |

| | | | | | | |
|---|---|---|---|---|---|---|
| it | အစ်(ထ်) | *pron* ထိုဟာ၊ ၎င်း | are | အာ | *v* | ၁။ ရှိကြသည် ၂။ ဖြစ်ကြသည် |
| is | အစ်(ဇ်) | *v* ၁။ ရှိသည် ၂။ ဖြစ်သည် | | | | |


## ၂/ စကားလုံးတွဲများ

| | | | |
|---|---|---|---|
| on our desks | ကျွန်ုပ်တို့၏ စာရေးစားပွဲများပေါ်တွင် | smaller than his ball | သူ၏ ဘောလုံးထက် ပို၍ သေးသော |
| on your desks | သင်တို့၏ စာရေးစားပွဲများပေါ်တွင် | better than her writing | သူမ၏ လက်ရေးထက် ပို၍ကောင်းသော |
| on their desks | သူတို့၏ စာရေးစားပွဲများပေါ်တွင် | older than your father | သင်၏ အဖေထက် ပို၍ အသက်ကြီးသော |
| thicker than his book | သူ၏ စာအုပ်ထက် ပို၍ ထူသော | bigger than their school | သူတို့၏ ကျောင်းထက် ပို၍ကြီးသော |


## ၃/ ပြဋ္ဌာန်းစာအုပ်ပါ လေ့ကျင့်ခန်းများ

***1 Read.***


1





2



3




4





**2** ***Read.***


This is Zaw Zaw.
ဤဟာသည် ဇော်ဇော် ဖြစ်သည်။




This is Thida.
ဤဟာသည် သီတာ ဖြစ်သည်။




a ball



a kite


a bicycle


a boat


a comb


a ring


a purse


a doll

These are Zaw Zaw's things.
ဤဟာများသည် ဇော်ဇော်၏ ဥစ္စာများ ဖြစ်ကြသည်။
They are his.
၎င်းတို့သည် သူ့ဟာများ ဖြစ်ကြသည်။

These are Thida's things.
ဤဟာများသည် သီတာ၏ ဥစ္စာများ ဖြစ်ကြသည်။
They are hers.
၎င်းတို့သည် သူမဟာများ ဖြစ်ကြသည်။

***3 Complete these sentences about Thida and Zaw Zaw.***
သီတာနှင့် ဇော်ဇော်တို့နှင့် ပတ်သက်၍ ဤဝါကျများကို ပြည့်စုံအောင် ရေးပါ။


The bicycle is his.
The purse is hers.
The doll is __________.
The kite is __________.
The ball is __________.
The boat is __________.
The ring is __________.
The comb is __________.

*Answers*


hers, his, his, his, hers, hers

***4 Read.***


1





2



3




**5 *A rhyme to practise.***
လေ့ကျင့်ရန် တေးကဗျာတစ်ပုဒ်/



*A:* My ball is big but yours is small.
ကျွန်ုပ်၏ ဘောလုံးသည် ကြီးသည်။ သို့သော် သင့်ဟာသည် သေးသည်။

*B:* My shirt is dirty but yours is clean.
ကျွန်ုပ်၏ ရှပ်အင်္ကျီသည် ညစ်ပေသည်။ သို့သော် သင့်ဟာသည် သန့်ရှင်းသည်။

*A:* My marks are good but yours are bad.
ကျွန်ုပ်၏ အမှတ်များသည် ကောင်းသည်။ သို့သော် သင့်ဟာသည် ညံ့သည်။

*B:* My dog is happy but yours is sad.
ကျွန်ုပ်၏ခွေးသည် ပျော်ရွှင်နေသည်။ သို့သော် သင့်ဟာသည် ဝမ်းနည်းနေသည်။

3 *a* Your writing is better than her writing.
*b* ________________ better than ________________.

4 *a* My father is older than your father.
*b* ________________________________________.

5 *a* Our school is bigger than their school.
*b* ________________________________________.

### ၆/ နောက်ဆက်တွဲလေ့ကျင့်ခန်း

***Complete the sentences, using* mine, ours, yours, his, hers *or* theirs.**

1 It is my pen. It is ________.
2 It is your book. It is ________.
3 It is our school. It is ________.
4 It is their house. It is ________.
5 These are his books. They are ________.
6 Those are her books. They are ________.
7 This is my ruler. It is ________.
8 This is their car. It is ________.
9 These are our chairs. They are ________.
10 Those are your tables. They are ________.

## LESSON 2 Have breakfast, etc.

### ၁/ ကျက်မှတ်ရန် စကားလုံးများ

etc. = et cetera စသည်၊ စသည်ဖြင့်
အစ် ဆက်တရာ
have ဟဲက်(ဗ်) *v* စားသည်၊ သောက်သည်
breakfast *n* (အဆာပြေ) နံနက်စာ
ဘရက်(ခ်)ဖာ့(စ်ထ်)
lunch လန့်(ချ်) *n* နေ့လယ်စာ
dinner ဒင်နာ *n* ညနေစာ၊ ညစာ
meal မီး(လ်) *n* (နေ့လယ်စာ၊ ညစာ စသည်) စားခြင်း
U Mya's ဦးမြ(စ်) ဦးမြ၏
family ဖဲင်မာ့လီ *n* မိသားစု
now နောင်း *adv* ယခု

o'clock အကလော့(ခ်) (၁ နာရီမှ ၁၂ နာရီ ထိုးနာရီကို ဖော်ပြရန် သုံးသည့် စကား)
— ချက်တီး၊ — ထိုး
English lesson အင်္ဂလိပ်ဘာသာ သင်ခန်းစာ
အင်းဂလစ်(ရှ်) လက်ဆင်း(န်)
Myanmar lesson မြန်မာဘာသာ သင်ခန်းစာ
မြန်မာ လက်ဆင်း(န်)
children ကလေးများ
ချစ်(လ်)ဒရန်း(န်)
party ပါတီ *n* ပါတီပွဲ
bath ဘား(သ်) *n* ရေချိုးခြင်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| rest | ရက်(စ်ထ်) | *n* | အနားယူခြင်း | played | ပလေး(ဒ်) | *v* | ကစားခဲ့သည်၊ ဆော့ခဲ့သည် |
| make | မိတ်(ခ်) | *v* | ပြုလုပ်သည်၊ ဖန်တီးသည် | rain | ရိန်း(န်) | *n* | မိုး |
| example အစ်(ဂ်)ဇား(မ်)ပဲ့(လ်) | | *n* | ဥပမာ | ill | အစ်(လ်) | *adj* | နေမကောင်းသော၊ ဖျားနာသော |
| people | ပီးပဲ့(လ်) | *n* | လူများ | cold | ကိုး(လ်ဒ်) | *n* | အအေးမိခြင်း |
| page | ပေး(ဂ်ျ) | *n* | စာမျက်နှာ | following ဖောလိုးအင်း(ဂ်) | | *adj* | အောက်ဖော်ပြပါ၊ ဆက်လက်ဖော်ပြပါ |
| doing | ဒူးအင်း(ဂ်) | *v* | လုပ်နေသည် | friend | ဖရင်းန်(ဒ်) | *n* | သူငယ်ချင်း၊ မိတ်ဆွေ |
| bed | ဘက်(ဒ်) | *n* | အိပ်ရာ၊ ခုတင် | | | | |

## ၂/ စကားလုံးတွဲများ

| | | | |
|---|---|---|---|
| at school | ကျောင်းတွင် | having an English lesson | အင်္ဂလိပ်ဘာသာ သင်ခန်းစာ သင်ယူနေသည် |
| in bed | အိပ်ရာထဲမှာ | having a party | ပါတီပွဲ ကျင်းပနေသည် |
| in the rain | မိုးရေထဲမှာ | having a bath | ရေချိုးနေသည် |
| U Mya's family | ဦးမြ၏ မိသားစု | having a rest | အနားယူနေသည် |
| eight o'clock | ရှစ်နာရီထိုး | have a cold | အအေးမိသည် |
| having breakfast | နံနက်စာ စားနေသည် | | |

## ၃/ ပြဋ္ဌာန်းစာအုပ်ပါ ဖတ်ရန်စာ

***1 Read.***




This is U Mya's family.
ဤဟာသည် ဦးမြ၏ မိသားစု ဖြစ်သည်။

It is now eight o'clock.
ယခု ရှစ်နာရီထိုးပြီ။

They are having breakfast.
သူတို့သည် နံနက်စာ စားနေကြသည်။

**2 Read.**




This is our classroom.
ဤဟာသည် ကျွန်ုပ်တို့၏ စာသင်ခန်း ဖြစ်သည်။
We are having an English lesson now.
ယခု ကျွန်ုပ်တို့ အင်္ဂလိပ်ဘာသာ သင်ခန်းစာကို သင်ယူနေကြသည်။
We are not having a Myanmar lesson.
ကျွန်ုပ်တို့ မြန်မာဘာသာ သင်ခန်းစာကို သင်ယူမနေကြပါ။

**3 Read.**

1



The children are having a party.
ကလေးများသည် ပါတီပွဲ ကျင်းပနေကြသည်။

2



Zaw Zaw is having a bath.
ဇော်ဇော်သည် ရေချိုးနေသည်။

3



U Mya is having a rest.
ဦးမြသည် အနားယူနေသည်။


***Make questions and answers like in the example about the people on page 67.***
စာမျက်နှာ ၆၇ ပါ လူများနှင့် ပတ်သက်၍ ဥပမာအတိုင်း အမေးအဖြေများ ပြုလုပ်ပါ၊

| | |
|---|---|
| *A:* What are the children doing? | ကလေးများသည် ဘာလုပ်နေကြသနည်း။ |
| *B:* They are having a party. | သူတို့သည် ပါတီပွဲ ကျင်းပနေကြသည်။ |

*Answers*

| | |
|---|---|
| *A:* What is Zaw Zaw doing? | ဇော်ဇော် ဘာလုပ်နေသနည်း။ |
| *B:* He is having a bath. | သူ ရေချိုးနေသည်။ |
| *A:* What is U Mya doing? | ဦးမြ ဘာလုပ်နေသနည်း။ |
| *B:* He is having a rest. | သူ အနားယူနေသည်။ |

**4 *Read.***



This is Zaw Zaw.
ဤဟာသည် ဇော်ဇော် ဖြစ်သည်။
He is not at school.
သူသည် ကျောင်းတွင် မရှိပါ။
He is in bed.
သူသည် အိပ်ရာထဲမှာ ရှိနေသည်။
Yesterday he played in the rain.
မနေ့က သူသည် မိုးရေထဲမှာ ကစားခဲ့သည်။
He is ill now.
ယခု သူ နေမကောင်းဖြစ်သည်။
He has a cold.
သူ အအေးမိသည်။
He is having a rest.
သူ အနားယူနေသည်။

**၄၊ သဒ္ဒါရှင်းလင်းချက်**

'လုပ်နေသည်' လို့ ပြောချင်ရင် am, is, are နဲ့ ing ပါတဲ့ Verb ကို တွဲရေးရတယ်၊

| | |
|---|---|
| 1 I *am having* dinner. | ကျွန်တော် ညစာ စားနေသည်။ |
| 2 He *is having* a rest. | သူ အနားယူနေသည်။ |
| 3 She *is having* a bath. | သူမ ရေချိုးနေသည်။ |
| 4 They *are having* a meal. | သူတို့ ထမင်းစားနေကြသည်။ |
| 5 The children *are having* a party. | ကလေးများ ပါတီပွဲ ကျင်းပနေကြသည်။ |

မှတ်ချက်၊ have ဟာ သူနဲ့ တွဲသုံးတဲ့ စကားလုံးကို လိုက်ပြီး အဓိပ္ပာယ်အမျိုးမျိုး ထွက်တယ်။ အချိန်
တစ်ချိန်အတွင်း ဆောင်ရွက်ချက်ကို ပြတယ်။

1 I *have* dinner. — ကျွန်တော် ညစာ စားသည်။
2 I *have* a rest. — ကျွန်တော် အနားယူသည်။
3 I *have* a bath. — ကျွန်တော် ရေချိုးသည်။
4 We *have* a party. — ကျွန်တော်တို့ ပါတီပွဲ ကျင်းပကြသည်။
5 We *have* an English lesson. — ကျွန်တော်တို့ အင်္ဂလိပ်ဘာသာသင်ခန်းစာ သင်ယူကြသည်။
6 I *have* a cold. — ကျွန်တော် အအေးမိသည်။

## ၅/ ပြဋ္ဌာန်းစာအုပ်ပါ လေ့ကျင့်ခန်းများ

**1 *Answer the following questions in your exercise book.***
အောက်ဖော်ပြပါ မေးခွန်းများကို သင့်လေ့ကျင့်ခန်းစာအုပ်ထဲမှာ ဖြေပါ/

1 Does your friend have a cold?
2 Does your father have a cold?
3 Do you have a cold?
4 Are you ill?
5 Does your mother have a cold?
6 Are you at school?
7 Are you in bed?

**2 *Look at the pictures and answer the questions in your exercise book.***
ရုပ်ပုံများကို ကြည့်၍ မေးခွန်းများကို သင့်လေ့ကျင့်ခန်းစာအုပ်ထဲမှာ ဖြေပါ/

| | |
|---|---|
| 1  a meal | What are the children doing?<br>They are having a ______. |
| 2  lunch | What is Mg Mg doing?<br>He ______ having ______. |
| 3  a rest | What is U Aye doing?<br>He ______. |

| | | | |
|---|---|---|---|
| opened | အိုးပန်း(န်ဒ်) | *v* | ဖွင့်ခဲ့သည် |
| closed | ကလိုး(ဇ်ဒ်) | *v* | ပိတ်ခဲ့သည် |
| walked | ဝေါ့(ခ်ထ်) | *v* | (လမ်း)လျှောက်ခဲ့သည် |
| pointed | ပွိုင့်တစ်(ဒ်) | *v* | လက်ညှိုးဖြင့် ညွှန်ပြခဲ့သည်၊ လက်ညှိုးထိုးခဲ့သည် |
| cleaned | ကလီး(န်ဒ်) | *v* | ဆေးကြောသုတ်သင် တိုက်ချွတ်ခဲ့သည် |
| smiled | စမိုင်း(လ်ဒ်) | *v* | ပြုံးခဲ့သည်၊ ပြုံးပြခဲ့သည် |
| thank | သဲင့်(ခ်) | *v* | ကျေးဇူးတင်သည် |
| thanked | သဲင့်(ခ်ထ်) | *v* | ကျေးဇူးတင်ခဲ့သည် |
| place | ပလေး(စ်) | *n* | နေရာ |
| draw | ဒရော | *v* | ပုံဆွဲသည်၊ အရုပ်ရေးသည် |
| drew | ဒရူး | *v* | ပုံဆွဲခဲ့သည်၊ အရုပ်ရေးခဲ့သည် |
| cat | ကဲက်(ထ်) | *n* | ကြောင် |
| room | ရူး(မ်) | *n* | အခန်း |
| window | ဝင်းဒိုး | *n* | ပြတင်းပေါက် |
| policeman | ပုလီး(စ်)မန်း(န်) | *n* | ရဲသား |
| eat | အီး(ထ်) | *v* | စားသည် |
| ate | အက်(ထ်) | *v* | စားခဲ့သည် |
| cinema | ဆစ်နဲမာ | *n* | ရုပ်ရှင်ရုံ |

## ၂/ ကြိယာသဏ္ဍာန်များ

| | | | |
|---|---|---|---|
| wear | wore | wearing | ဝတ်ဆင်သည် |
| say | said | saying | ပြောသည် |
| buy | bought | buying | ဝယ်သည် |
| do | did | doing | ပြုလုပ်သည် |
| get | got | getting | ရသည် |
| come | came | coming | လာသည် |
| draw | drew | drawing | ပုံဆွဲသည်၊ အရုပ်ရေးသည် |
| eat | ate | eating | စားသည် |
| look | looked | looking | ကြည့်သည် |
| knock | knocked | knocking | တံခါးခေါက်သည် |
| open | opened | opening | ဖွင့်သည် |
| walk | walked | walking | (လမ်း)လျှောက်သည် |
| close | closed | closing | ပိတ်သည် |
| point | pointed | pointing | လက်ညှိုးဖြင့် ညွှန်ပြသည်၊ လက်ညှိုးထိုးသည် |
| clean | cleaned | cleaning | ဆေးကြောသုတ်သင် တိုက်ချွတ်သည် |
| smile | smiled | smiling | ပြုံးသည်၊ ပြုံးပြသည် |
| thank | thanked | thanking | ကျေးဇူးတင်သည် |


## ၃/ စကားလုံးတွဲများ

| | | | |
|---|---|---|---|
| to the zoo | တိရစ္ဆာန်ဥယျာဉ်သို့ | to the market | ဈေးသို့ |

| | |
|---|---|
| to school | ကျောင်းသို့ |
| to the playground | ကလေးကစားကွင်းသို့ |
| to the cinema | ရုပ်ရှင်ရုံသို့ |
| with some balloons | ပူဖောင်းအချို့နှင့် |
| by bus | ဘတ်စကားဖြင့် |
| by train | မီးရထားဖြင့် |
| on foot *IDM* | ခြေကျင်၊ ကုန်းကြောင်း (လျှောက်သည်) |
| got to school | ကျောင်းသို့ရောက်ခဲ့သည် |
| at half past eight | ရှစ်နာရီခွဲတွင် |
| twenty past ten | ဆယ်နာရီထိုးပြီး မိနစ်နှစ်ဆယ် |
| at ten o'clock | ဆယ်နာရီထိုးတွင် |
| at a quarter past ten | ဆယ်နာရီဆယ့်ငါးမိနစ်တွင် |
| in front of the class | အတန်းရှေ့ဘက်တွင် |
| in the middle of the class | အတန်း၏ အလယ်တွင် |
| at the back of the class | အတန်း၏ နောက်ဘက်တွင် |
| came into the classroom | စာသင်ခန်းထဲသို့ ဝင်လာခဲ့သည် |
| stand up | မတ်တတ်ရပ်သည် |
| sit down | ထိုင်သည် |
| Good morning, Teacher | မင်္ဂလာနံနက်ခင်းပါ ဆရာ/ဆရာမ |
| on the blackboard | ကျောက်သင်ပုန်းကြီးပေါ်မှာ |
| in their books | သူတို့၏ စာအုပ်များထဲတွင် |
| knocked on the door | တံခါးခေါက်ခဲ့သည် |
| pointed to the blackboard | ကျောက်သင်ပုန်းကြီးသို့ လက်ညှိုးထိုးခဲ့သည် |
| went back into the classroom | စာသင်ခန်းထဲသို့ ပြန်သွားခဲ့သည် |
| walked back to his place | သူ့နေရာသို့ ပြန်လျှောက်ခဲ့သည် |
| thank you *IDM* | ကျေးဇူးတင်ပါတယ် |
| went home | အိမ်ပြန်သွားခဲ့သည် |

## ၄/ ပြဌာန်းစာအုပ်ပါ ဖတ်ရန်စာ

***1 Read.***



Yesterday Aye Aye, Kyaw Kyaw and Zaw Zaw went to the zoo by bus.
မနေ့က အေးအေး၊ ကျော်ကျော်နှင့် ဇော်ဇော်တို့သည် တိရစ္ဆာန်ဥယျာဉ်သို့ ဘတ်စကားဖြင့် သွားခဲ့ကြသည်။

Aye Aye wore a yellow blouse.
အေးအေးသည် ဘလောက်အင်္ကျီအဝါကို ဝတ်ခဲ့သည်။
Kyaw Kyaw wore a green shirt and Zaw Zaw wore a blue shirt.
ကျော်ကျော်သည် ရှပ်အင်္ကျီအစိမ်းကို ဝတ်ခဲ့၍ ဇော်ဇော်သည် ရှပ်အင်္ကျီအပြာကို ဝတ်ခဲ့သည်။
Aye Aye had an apple, Kyaw Kyaw had a cake and Zaw Zaw had an orange.
အေးအေးမှာ ပန်းသီးတစ်လုံး ရှိသည်။ ကျော်ကျော်မှာ ကိတ်မုန့်တစ်လုံးရှိပြီး ဇော်ဇော်မှာ လိမ္မော်သီးတစ်လုံး ရှိသည်။
Aye Aye saw a man with some balloons.
အေးအေးသည် ပူဖောင်းအချို့နှင့် လူတစ်ယောက်ကို မြင်ခဲ့သည်။
"Look!" she said to the boys.
"ကြည့်စမ်း" ဟု သူမက လူကလေးများကို လှမ်းပြောခဲ့သည်။
Then the boys saw the balloons.
ထို့နောက် လူကလေးများသည် ပူဖောင်းများကို မြင်ခဲ့ကြသည်။
Aye Aye bought a red balloon.
အေးအေးသည် ပူဖောင်းအနီတစ်လုံးကို ဝယ်ခဲ့သည်။
Kyaw Kyaw bought a blue balloon.
ကျော်ကျော်သည် ပူဖောင်းအပြာတစ်လုံးကို ဝယ်ခဲ့သည်။
Zaw Zaw didn't buy a balloon.
ဇော်ဇော်သည် ပူဖောင်း မဝယ်ခဲ့ပါ။
He did not have any money.
သူ့မှာ ပိုက်ဆံ မရှိခဲ့ပါ။


***Give short answers to these questions.***
ဤမေးခွန်းများအတွက် အဖြေတိုများ ပေးပါ/

1 Did the children go to the market? No, they did not.
2 Did Zaw Zaw go to the zoo by bus? Yes, he did.
3 Did Aye Aye wear a blue dress?
4 Did Kyaw Kyaw wear a green shirt?
5 Did Zaw Zaw have an apple?
6 Did Kyaw Kyaw wear blue trousers?
7 Did Kyaw Kyaw buy a red balloon?
8 Did Aye Aye see a woman with some balloons?

*Answers*

3 No, she did not.
4 Yes, he did.
5 No, he did not.
6 No, he did not.
7 No, he did not.
8 No, she did not.

***2 Read.***



Yesterday Aye Aye went to school by bus.
မနေ့က အေးအေး ဘတ်စကားဖြင့် ကျောင်းတက်ခဲ့သည်။
Kyaw Kyaw went to school by train and Zaw Zaw went to school on foot.
ကျော်ကျော်သည် မီးရထားဖြင့် ကျောင်းတက်ခဲ့၍ ဇော်ဇော်သည် ကျောင်းသို့ ခြေကျင်တက်ခဲ့သည်။
They all got to school at half past eight.
သူတို့အားလုံး ရှစ်နာရီခွဲတွင် ကျောင်းသို့ ရောက်ခဲ့ကြသည်။
Aye Aye sat in front of the class.
အေးအေးသည် အတန်း၏ ရှေ့မှာ ထိုင်ခဲ့သည်။
Kyaw Kyaw sat in the middle of the class.
ကျော်ကျော်သည် အတန်း၏ အလယ်မှာ ထိုင်ခဲ့သည်။
Zaw Zaw sat at the back of the class.
ဇော်ဇော်သည် အတန်း၏ နောက်မှာ ထိုင်ခဲ့သည်။

Daw Than came into the classroom.
ဒေါ်သန်းသည် စာသင်ခန်းထဲသို့ ဝင်လာခဲ့သည်။
The children stood up.
ကလေးများ မတ်တတ်ရပ်ခဲ့ကြသည်။
They said, "Good morning, Teacher."
သူတို့သည် "မင်္ဂလာနံနက်ခင်းပါ ဆရာမ" ဟု ဆိုခဲ့ကြသည်။
Daw Than said, "Good morning, children. Please sit down."
ဒေါ်သန်းက "မင်္ဂလာနံနက်ခင်းပါ ကလေးတို့။ ကျေးဇူးပြု၍ ထိုင်ကြပါ" ဟု ပြောခဲ့သည်။
The children sat down.
ကလေးများ ထိုင်ခဲ့ကြသည်။

Daw Than wrote on the blackboard.
ဒေါ်သန်းသည် ကျောက်သင်ပုန်းကြီးပေါ်မှာ စာရေးခဲ့သည်။
The children wrote in their books.
ကလေးများသည် သူတို့၏ စာအုပ်များထဲတွင် စာရေးခဲ့ကြသည်။
At ten o'clock they went to the playground.
ဆယ်နာရီထိုးတွင် သူတို့ ကလေးကစားကွင်းသို့ သွားခဲ့ကြသည်။
At a quarter past ten Aye Aye and Zaw Zaw went back into the classroom.
ဆယ်နာရီဆယ့်ငါးမိနစ်တွင် အေးအေးနှင့် ဇော်ဇော်တို့သည် စာသင်ခန်းထဲသို့ ပြန်သွားခဲ့ကြသည်။
Kyaw Kyaw looked at the clock.
ကျော်ကျော်သည် တိုင်ကပ်နာရီကို ကြည့်လိုက်သည်။
It was twenty past ten.
ဆယ်နာရီမိနစ်နှစ်ဆယ် ရှိနေပြီ။
He knocked on the door.
သူသည် တံခါးကို ခေါက်လိုက်သည်။
Aye Aye opened it.
အေးအေးက တံခါးကို ဖွင့်ပေးခဲ့သည်။
Kyaw Kyaw walked into the classroom.
ကျော်ကျော်သည် စာသင်ခန်းထဲသို့ လျှောက်လာခဲ့သည်။
Aye Aye closed it.
အေးအေးက တံခါးကို ပိတ်လိုက်သည်။
The teacher pointed to the blackboard.
ဆရာမသည် ကျောက်သင်ပုန်ကြီးသို့ (လက်ညှိုးဖြင့်) ညွှန်ပြခဲ့သည်။
Kyaw Kyaw cleaned the blackboard.
ကျော်ကျော်သည် ကျောက်သင်ပုန်းကြီးကို သုတ်ခဲ့သည်။
The teacher smiled.
ဆရာမက ပြုံးပြလိုက်သည်။
She thanked Kyaw Kyaw.
သူမသည် ကျော်ကျော်ကို ကျေးဇူးတင်ခဲ့သည်။
She said, "Thank you, Kyaw Kyaw!"
သူမက "ကျေးဇူးတင်ပါတယ် ကျော်ကျော်" ဟု ပြောခဲ့သည်။
Kyaw Kyaw walked back to his place.
ကျော်ကျော်သည် သူ့နေရာသို့ ပြန်လျှောက်သွားခဲ့သည်။
The children drew on the blackboard.
ကလေးများသည် ကျောက်သင်ပုန်းကြီးပေါ်မှာ ပုံရေးဆွဲခဲ့ကြသည်။
They drew a fish, a cat and a ball.
သူတို့သည် ငါးတစ်ကောင်၊ ကြောင်တစ်ကောင်နှင့် ဘောလုံးတစ်လုံးကို ရေးဆွဲခဲ့ကြသည်။

At one o'clock they went home.
တစ်နာရီထိုးတွင် သူတို့ အိမ်သို့ ပြန်ခဲ့ကြသည်။

***Read the questions. Give the answers as in (1) and (2).***
မေးခွန်းများကို ဖတ်ပါ/ (၁) နှင့် (၂) မှာကဲ့သို့ အဖြေများ ပေးပါ/

1 Did Aye Aye sit in front of the class?
အေးအေးသည် အတန်း၏ ရှေ့မှာ ထိုင်ခဲ့သလား။
Yes, she did.
ဟုတ်ကဲ့၊ သူမ ထိုင်ခဲ့ပါသည်။

2 Did Aye Aye go to school by train?
အေးအေးသည် မီးရထားဖြင့် ကျောင်းတက်ခဲ့သလား။
No, she did not go to school by train. She went to school by bus.
မတက်ခဲ့ပါ၊ သူမသည် မီးရထားဖြင့် ကျောင်းမတက်ခဲ့ပါ။ သူမသည် ဘတ်စကားဖြင့် ကျောင်းတက်ခဲ့ပါသည်။

3 Did Zaw Zaw sit in front of the class?
ဇော်ဇော်သည် အတန်း၏ ရှေ့မှာ ထိုင်ခဲ့သလား။

4 Did the children get to school at half past seven?
ကလေးများသည် ခုနစ်နာရီခွဲမှာ ကျောင်းသို့ ရောက်ခဲ့ကြသလား။

5 Did Kyaw Kyaw go back to the classroom at ten o'clock?
ကျော်ကျော်သည် ဆယ်နာရီထိုးမှာ စာသင်ခန်းသို့ ပြန်သွားခဲ့သလား။

6 Did Zaw Zaw go home at half past twelve?
ဇော်ဇော်သည် ဆယ့်နှစ်နာရီခွဲမှာ အိမ်သို့ ပြန်ခဲ့သလား။

7 Daw Than said, "Please sit down." Did the children stand up?
ဒေါ်သန်းက "ကျေးဇူးပြု၍ ထိုင်ကြပါ" ဟု ပြောလိုက်သည်။ ကလေးများ မတ်တတ်ရပ်ခဲ့ကြသလား။

8 Daw Than came into the room. Did Kyaw Kyaw sit down?
ဒေါ်သန်းသည် အခန်းထဲသို့ ဝင်လာခဲ့သည်။ ကျော်ကျော် ထိုင်ခဲ့သလား။

9 Did the children write in their books?
ကလေးများသည် သူတို့၏ စာအုပ်များထဲတွင် စာရေးခဲ့ကြသလား။

*Answers*

3 No, he did not sit in front of the class. He sat at the back of the class.
မထိုင်ခဲ့ပါ၊ သူသည် အတန်း၏ ရှေ့မှာ မထိုင်ခဲ့ပါ။ သူသည် အတန်း၏ နောက်မှာ ထိုင်ခဲ့ပါသည်။

4 No, they did not get to school at half past seven. They got to school at half past eight.
မရောက်ခဲ့ကြပါ၊ သူတို့သည် ခုနစ်နာရီခွဲမှာ ကျောင်းသို့ မရောက်ခဲ့ကြပါ။ သူတို့သည် ရှစ်နာရီခွဲမှာ ကျောင်းသို့ ရောက်ခဲ့ကြပါသည်။

5 No, he did not go back to the classroom at ten o'clock. He went back to the classroom at twenty past ten.
ပြန်မသွားခဲ့ပါ၊ သူသည် ဆယ်နာရီထိုးမှာ စာသင်ခန်းသို့ ပြန်မသွားခဲ့ပါ။ သူသည် ဆယ်နာရီမိနစ်နှစ်ဆယ်မှာ စာသင်ခန်းသို့ ပြန်သွားခဲ့ပါသည်။

6 No, he did not go home at half past twelve. He went home at one o'clock.
မပြန်ခဲ့ပါ၊ သူသည် ဆယ့်နှစ်နာရီခွဲမှာ အိမ်သို့ မပြန်ခဲ့ပါ။ သူသည် တစ်နာရီထိုးမှာ အိမ်သို့ ပြန်ခဲ့ပါသည်။

7 No, they did not stand up. They sat down.
မရပ်ခဲ့ကြပါ၊ သူတို့ မတ်တတ်မရပ်ခဲ့ကြပါ။ သူတို့ ထိုင်ခဲ့ကြပါသည်။

8 No, he did not sit down. He stood up.
မထိုင်ခဲ့ပါ၊ သူ မထိုင်ခဲ့ပါ။ သူ မတ်တတ်ရပ်ခဲ့ပါသည်။

9 Yes, they did.
ဟုတ်ကဲ့၊ သူတို့ စာရေးခဲ့ကြပါသည်။

## ၅/ သဒ္ဒါရှင်းလင်းချက်

လွန်ခဲ့တဲ့အချိန်က လုပ်ခဲ့၊ ဖြစ်ခဲ့တာတွေကို Simple Past Tense နဲ့ ဖော်ပြရတယ်/ အထူးသဖြင့် **yesterday** တို့, last တို့ ပါရင် Simple Past Tense ကို သုံးရတယ်/

1 I *went* to the zoo *yesterday.*
ကျွန်တော် မနေ့က တိရစ္ဆာန်ဥယျာဉ်သို့ သွားခဲ့သည်။

2 They *went* to the cinema *last* night.
သူတို့ လွန်ခဲ့သောညက ရုပ်ရှင်သို့ သွားခဲ့ကြသည်။

3 We *bought* a new car *last* week.
ကျွန်တော်တို့ လွန်ခဲ့သောအပတ်က ကားအသစ်တစ်စီး ဝယ်ခဲ့သည်။

4 He *came* to Yangon *last* month.
သူသည် လွန်ခဲ့သောလက ရန်ကုန်သို့ လာခဲ့သည်။

5 I *saw* Mg Mg *last* night.
ကျွန်တော် မောင်မောင်ကို လွန်ခဲ့သောညက တွေ့ခဲ့သည်။

## ၆/ ပြဋ္ဌာန်းစာအုပ်ပါ လေ့ကျင့်ခန်းများ

***1 Look at the pictures and answer the questions in your exercise book as in (1).***

| | |
|---|---|
| 1  Kyaw Kyaw | Who cleaned the blackboard yesterday?<br>Kyaw Kyaw did. He cleaned the blackboard. |